# ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ မူဝါဒ နှင့် ဥပဒေတစ်ရပ် ပြဌာန်းပေးနိုင်ရန်အတွက် မူဝါဒစာတမ်း

## နိဒါန်း

ယနေ့ကာလသည် ဒီမိုကရေစီဖယ်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ်အဖြစ် တည်ဆောက်သွားရန်သက်ဆိုင်ရာ အင်အားစုအများအပြားက အခိုင်အမာသန္နိဋ္ဌာန်ချမှတ်လျှက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာ၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ဆိုင်ရာကဏ္ဍကြီးများအား ဆွေးနွေးညှိနှိုင်း အဖြေရှာနေကြသော အချိန် ဖြစ်ပါသည်။ သက်ဆိုင်ရာအင်အားစုအသီးသီး အနေဖြင့် နိုင်ငံရေး ပြဿနာများအား မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေး အဖြေရှာသည့် ယဉ်ကျေးမှုတရပ်ဖြင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ဆောင်ရွက် ချီတက် နေချိန်လည်းဖြစ်သည်။တနည်းအားဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းငန်းစဉ်များကို ဦးတည်လျှောက်လှမ်းနေသည့် အချိန်ကာလဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂသို့ အဖွဲ့ဝင် အဖြစ် အစောဆုံးဝင်ရောက်နိုင်ခဲ့သည်ဆိုသော်လည်း နှစ် (၇၀) ကျော် ကြာလာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခနှင့် ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်၊ အုပ်ချုပ်မှုပုံစံများကြောင့် လူမှုရေး၊ စီးပွားရေးအဖက်ဖက်တွင် အလွန်နောက်ကျသော နိုင်ငံတစ်ခုဖြစ်နေရသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း တိုင်းရင်းသားစုံပြည်သူလူထုအပေါ် ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံခြင်းများ အပါအဝင် ကြီးမားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိခဲ့သည်။

အကျိုးဆက်အနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ တစ်အုပ်စုချင်းသော်လည်းကောင်း အနာတရများ၊ ဝေဒနာ များ ရရှိခဲ့ကြသည်။ အာဃာတများ၊ အငြိုးများ၊ အမုန်းများ ကိန်းအောင်းခဲ့ကြပြီး တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု ပျက်သုဉ်းခဲ့ကြသည်။ တစ်ဦးချင်းဘဝ လုံခြုံမှုမရှိဟု ခံယူလာကြသည်။ ထိုခံစားနေရသော ဝေဒနာများကိုအတိုင်း အတာတခုထိ ဖြေဖျောက်နိုင်မှသာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး ဆိုသည်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။

## အသွင်ကူးပြောင်းရေးကာလ

ယခုအခါ ဒီမိုကရေစီစနစ်သို့ အဖက်ဖက်မှ အသွင်ပြောင်းလဲ၍ ဦးတည်လျောက်လှမ်း နေသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ကို ရှေ့ရှုနေသည့် ကာလဖြစ်သည်။

ဤသို့အချိန်ကာလတွင် အဓိကအားဖြင့် မူဝါဒချမှတ်သူများ၊ ဥပဒေပြု အာဏာပိုင်လွှတ်တော် အသီးသီးမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအာဏာပိုင် အစိုးရအဖွဲ့များအနေဖြင့် တိုင်းရင်းသားစုံပြည်သူများဖြစ်ကြသည့် နိုင်ငံသားများ၏အကျိုးစီးပွားကိုရည်စူးလုပ်ဆောင်ပေးရမည့်ကာလဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အခန်း ကဏ္ဍ များတွင်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်အနာဂတ်မြန်မာနိုင်ငံလူ့အဖွဲ့အစည်းအတွက်သင့်တော် ကောင်းမွန်မည့် မူဝါဒများ ဥပဒေများနှင့် လုပ်ငန်းစဉ်များအား စဉ်းစားလုပ်ဆောင်နေချိန်တွင် အတိတ်ကာလမှဖြစ်ရပ်များအား သင်ခန်းစာယူနိုင်ရန် အတွက် ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်မည်ဖြစ်သည်။

ထိုသူများအနေနှင့် မိမိတို့နိုင်ငံ ဖြတ်သန်းလာခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအား သင်ခန်းစာထုတ်နှုတ်ရယူကြပြီး လက်ရှိနှင့် အနာဂတ်အကျိုးအတွက် သက်ဆိုင်ရာအင်အားစုများအကြား

ယုံကြည်မှု၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မာမည့် ငြိမ်းချမ်းရေး စသည်တို့ရရှိရန် သယ်ပိုးလုပ်ဆောင် ကြရမည်သာ ဖြစ်သည်။ တနည်းအားဖြင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို လုပ်ဆောင်ကြရပေမည်။

**အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဆိုသည်မှာ- (Transitional Justice)**

ဒီမိုကရေစီ၊ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အထောက်အပံ့ကောင်းများ ဖြစ်စေရန် အတွက် တရားမျှတမှုဖော်ဆောင်သော လုပ်ငန်းစဉ်နှင့် ယန္တရားဖြစ်သည်။ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းသည့်ဖြစ်စဉ်အတွင်း (သို့မဟုတ်) ပြည်တွင်းစစ်/ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများရပ်စဲရန် အပစ်အခတ်ရပ်စဲရေးများပြုလုပ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်သည့် ဖြစ်စဉ်အတွင်း အတိတ်ကာလက ဖြစ်ပွားခဲ့သည့် အသားအရောင်ခွဲခြားမှု၊ လူမျိုးရေး၊ ဘာသာရေး အရ ခွဲခြားဆက်ဆံ ဖိနှိပ်ခဲ့မှု စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ကိုင်တွယ်စီမံဖြေရှင်းခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အခွင့်အရေးချိုးဖောက်ခံရသည့် နစ်နာသူများအရေး အသိအမှတ်ပြု ဦးစားပေး ဆောင်ရွက်ကြရသည်။

ထိုလုပ်ငန်းစဉ်သည် နစ်နာခဲ့သူများအတွက် မျှတမှုဖြစ်စေရန်ဖြစ်ပြီး အထူးတရားခုံရုံးမဟုတ်ပေ။ ထို့အပြင် တရားစွဲဆို စီရင်ခြင်းဆိုသည့်အမြင်တခုတည်းဖြင့် ချဉ်းကပ်သည့် လုပ်ငန်းစဉ်လည်း မဟုတ်ပေ။

နိုင်ငံများအနေဖြင့် ထိုလုပ်ငန်းစဉ် ကိုအကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံလူ့အဖွဲ့အစည်း (အစိုးရ၊ပြည်သူလူထု)၏ ပကတိအခြေအနေပေါ် အခြေခံ၍ နည်းလမ်းများရွေးချယ် အကောင် အထည်ဖော်လေ့ရှိကြသည်။

မည်သည့် ရွေးချယ်စရာနည်းလမ်းများအား အသုံးပြုသည်ဖြစ်စေ လုပ်ငန်းယန္တရား ၄ ခုဖြင့် အကောင် အထည်ဖေါ်ကြသည်။ ယင်းတို့မှာ-

၁) အမှန်တရား ရှာဖွေခြင်း (**Truth Seeking)**

၂) တရားမျှတမှု ဖော်ဆောင်ခြင်း (**Justice Seeking)**

၃) ပြန်လည်ကုစားပေးလျော်ခြင်း (**Reparation)**

၄) အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (**Institutional Reform)** တို့ဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များမှာ -

၁) အမှန်တရား (အမှုမှန်) ပေါ်ပေါက်ရေး (**Truth Seeking)**

၂) တရားမျှတမှုဖော်ဆောင်ရေး (**Justice Seeking)**

၃) လူ့ဂုဏ်သိက္ခာ ပြန်လည်မြှင့်တင်ရေး (**Dignity)**

၄) အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့အား ဆန့်ကျင်တိုက်ဖျက်ရေး (**Combat against Impunity)** တို့ဖြစ်သည်။

## ပြန်လည်ကုစားပေးလျော်ခြင်း

ပြန်လည်ကုစားပေးလျော်ခြင်း ဆိုသည်မှာ နည်းမျိုးစုံဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသောကြောင့် နစ်နာသူများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ကုစား ပျိုးထောင်ပေးခြင်း ဖြစ်သည်။

ထိုလုပ်ငန်းစဉ်သည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ လုပ်ငန်းစဉ်အား လက်တွေ့ အကောင်အထည် ဖော်ခြင်းပင်ဖြစ်ပါသည်။ ထို့အပြင် အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် တရားဥပဒေစိုးမိုးရေး (**Rule of Law)** ကိုလည်း တဖက်တလမ်းမှ အထောက်အကူပြုရာ ရောက်မည်ဖြစ်သည်။

အဓိကဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ ဆယ်စုနှစ်များစွာဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခနှင့် နိုင်ငံရေးစနစ်၏ ဖိနှိပ်မှုများကြောင့်ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြန်လည် ကုစားပေးလျော်မှုဆိုင်ရာ မူဝါဒများ(**Reparation Policies)** နှင့် အညီ အစီအမံတစ်ရပ် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်စေရန်ဖြစ်သည်။

ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရအနေနှင့် အတိတ်ကာလချိုးဖောက်မှုများ၏ အရင်းခံ အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန် စိတ်ဆန္ဒရှိကြောင်း ပြသနိုင်ပြီး နောင်အနာဂတ်တွင် ထပ်မံ မဖြစ်ပွားရေးအတွက် အာမခံချက်များပေးရန်လည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သို့မှသာလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေပြီး ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော် တည်ဆောက်ရာတွင် အတိတ်ကာလမှဖြစ်ရပ်များကို သင်ခန်းစာယူ၍ လက်ရှိပဋိပက္ခများအား လျှော့ချ နိုင်သည့်အပြင် အနာဂတ်တွင် ထပ်မံမဖြစ်ပွားစေရန် တားဆီးနိုင်ခြင်းနှင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာပြီး ဂုဏ်သိက္ခာရှိသောအစိုးရတရပ်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုလာနိုင်မည်ဖြစ်သည်။

ထို့အပြင် နစ်နာခံစားရသူများ၏ ဆုံးရှုံးနစ်နာမှုများ၊ ဂုဏ်သိက္ခာများကို ပြန်လည်ကုစား ဖြည့်ဆည်း ပေးလျော်ခြင်းအားဖြင့် ၎င်းနှင့် ၎င်းတို့၏မိသားစု ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေခြင်း၊ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများအား ဖြေလျှော့သက်သာစေခြင်းအားဖြင့် တင်းမာမှုများကို လျှော့ကျ စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

ပြန်လည်ကုစားပေးလျော်ခြင်းလုပ်ငန်းစဉ်သည် နစ်နာသူကိုသာပြန်လည်ကုစားသည့် လုပ်ငန်းစဉ် တခုသာမဟုတ်ပဲ ကျူးလွန်ခံသူများ၏ စိတ်ခံစားမှုနှင့် ဂုဏ်သိက္ခာပြန်လည်တည်ဆောက်ရေး အတွက်လည်း အထောက်အပံ့ပြုသော အရာဖြစ်သည်။

ပြည်လည်ကုစားပေးလျော်ခြင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များမှာ

၁) နစ်နာဆုံးရှုံးမှုများအားဖြေရှင်းရာတွင် အကူညီပေးရန်

၂) နစ်နာခံစားရသူ၏ဂုဏ်သိက္ခာအား ပြန်လည်မြှင့်တင်ရန်။

၃) ချိုးဖောက်မှုများ နောက်ထပ်မဖြစ်ပွားစေရေး အာမခံနိုင်ရန်တို့ဖြစ်သည်။

လုပ်ငန်းစဉ်များတွင် အောက်ပါတို့ကိုလည်း ထည့်သွင်းစဉ်စားရန်လိုအပ်သည်။

- အခြေခံသဘောထားများ **Basic Concepts** များလေ့လာထားရှိခြင်း၊ ဥပမာ- ညှဥ်းပန်းနှိပ်စက်မှု (သို့) နာကျင်စေမှုအတွက် ပေးလျော်မှုများ၊ စစ်လျော်ကြေးများ၊ စစ်ကြောင့်သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေမှုများ အတွက်စဥ်းစားချက်များ၊ သေဆုံးသူများ၏ မိသားစုများအား ပြန်လည်ပြုစုပျိုးထောင်မှုများ စသည်တို့ကို ထည့်သွင်းစဥ်စားရန်လိုအပ်မည်ဖြစ်သည်။

- ထိခိုက်နစ်နာသူများ၏ အခွင့်အရေးနှင့် ထိခိုက်နစ်နာအောင်ပြုလုပ်သည့် တာဝန်ရှိသူ၏ တာဝန်၊ ဝတ္တရားများ (ပြန်လည်ကောင်းမွန်အောင် ကုစားလုပ်ဆောင်ပေးရန်)

ပြန်လည်ကုစားမှုပုံစံများတွင်

- ဆုံးရှုံးနစ်နာမှုများအတွက် မူလရှိရင်းစွဲအတိုင်း ပြန်လည်ပေးလျော်ခြင်း (**Restitution)**
- ငွေကြေး (သို့မဟုတ်) အစားထိုးပေးလျှော်မှု ပြုလုပ်ပေးခြင်း (**Compensation)**
- ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်၊ ထူထောင်ပေးခြင်း (**Rehabilitation)**
- စိတ်ကျေနပ်မှုရရှိစေခြင်း (**Satisfaction)**
- နောက်ထပ်မဖြစ်ပွားရန် အာမခံချက်ပေးခြင်း (**Guarantees of Non-repetition)** စသည်တို့ကို ထည့်သွင်းစဥ်းစားရန်လိုအပ်မည်။

ထပ်ဆင့်ကုစားမှုပုံစံများတွင်

- ကြားဖြတ်အရေးပေါ် အလျော်ပေးခြင်း (**Interim Reparation)**
- တစ်ဦးချင်းဆိုင်ရာ ပြန်လည်ကုစားပေးလျော်သည့် အထောက်အပံ့များ (**Individual Reparation Grants (IRG))**
- သင်္ကေတပြု၍ ပြန်လည်ကုစားပေးလျော်မှု၊ ဥပဒေကြောင်းအရ နှင့် အုပ်ချုပ်စီမံမှုဆိုင်ရာ လုပ်ဆောင် ပေးမှုများ (**Symbolic Reparation, Legal and Administrative Measures)**
- လူမှုအသိုင်းအဝန်း ပြန်လည်ပြုစုပျိုးထောင်ခြင်း အစီအစဥ်များ (**Community Rehabilitation Programs)**
- အသင်းအဖွဲ့များ ပြုပြင်ပြောင်းလဲခြင်း (**Institutional Reform)** စသည်တို့ကို ထည့်သွင်းစဥ်းစားရန်လိုအပ်မည်။

- လုပ်ငန်းအစီအစဥ်များကို တရားရေးနှင့် အုပ်ချုပ်ရေးတို့မှ တာဝန်ခွဲဝေ၍ ရေးဆွဲချမှတ်ပေးခြင်း
- နိုင်ငံတကာအတွေ့အကြုံများနှင့် အစိုးရများက အကောင်အထည်ဖော်လုပ်ဆောင်သည့် အောင်မြင်မှု ရှိသော ပုံစံများအား လေ့လာခြင်း
- လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျော်ဖြတ်ရသည့်ဖြစ်စဥ်များ (မူဝါဒချမှတ်ခြင်းနှင့် ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်း) အတွင်း ထည့်သွင်းစဥ်းစားသင့်သည့်အချက်များ
- သတင်းအချက်အလက်ကောက်ယူစုဆောင်းခြင်း။ **Information Collection**
- အခြေခံစည်းမျဥ်းများ (**Principles)**
- ပြန်လည်ကုစားပေးလျော်မှု ခံစားရရှိထိုက်သူများအဖြစ် သတ်မှတ်ခြင်း

- တဦးချင်း (သို့မဟုတ်) လူ့အဖွဲ့အစည်းအား ပြန်လည်ကုစားပေးလျော်သင့်သည့် ပုံစံများသတ်မှတ်ခြင်း (ဥပမာ- အထိမ်းအမှတ် ပြတိုက်၊ ကျောက်တိုင်စိုက်ထူခြင်း။ လူတဦးချင်းစီအတွက် တကြိမ်သာ ရရှိမည့် ပေးလျော်မှု သို့မဟုတ် ရေရှည်ထောက်ပံ့မည့် ပင်စင်။ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့် စသဖြင့်)
- လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် ခြစားမှုများ မရှိစေရန် ဆောင်ရွက်ခြင်း

## နိဂုံး

၁။ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ကြရသော နစ်နာသူများနှင့်ပတ်သက်သည့် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အာမခံ ချက်ရှိနိုင်မည့် ဥပဒေတစ်ရပ် ရေးဆွဲပြဌာန်းရန်လိုအပ်သည်။

၂။ ပြည်သူလူထုအား ကိုယ်စားပြုသည့် အစိုးရများကသာလျှင် ထိုဥပဒေမျိုးကိုရေးဆွဲကြသည့် နိုင်ငံတကာ အတွေ့အကြုံများ များစွာ ရှိခဲ့သည့်အပြင် အခြားပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အပံ့ ဖြစ်စေသည်။ ( ဥပမာ - အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လုံခြုံရေးဆိုင်ရာကဏ္ဍ၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများ)။

၃။ အစိုးရက တာဝန်ခံဆောင်ရွက်မှသာလျှင် ကောင်းမွန်ပြည့်စုံသည့် ပြန်လည်ကုစားပေးလျော်သည့် အစီအစဉ်တစ်ခု အဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်။ (သို့ရာတွင် အခြားနိုင်ငံများ၏အတွေ့အကြုံများအရ လူသားချင်း စာနာထောက် ထားမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အတွက်အထောက်အပံ့များသည် ပြန်လည်ကုစားပေး လျော်သည့် အစီအစဉ်များအဖြစ် သတ်မှတ်၍မရကြောင်းကိုလည်း သတိချပ်စေလိုသည်။) ပြန်လည်ကုစား ပေးလျော်မှုသည် အတိတ်မှ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊ နစ်နာခဲ့သူများအတွက် ၄င်းတို့ ခံစားတွေ့ကြုံ ရသည့် အတိုင်းအတာ ပမာဏအပေါ် မူတည်လုပ်ဆောင်ခြင်းဖြစ်ပြီး ၄င်းတို့ခံစားနစ်နာမှုများအပေါ် အသိအမှတ် ပြုပေးရန်လည်း လိုအပ်သည်။ (**Reparations Vs Development Programs and Humanitarian Assistances)**

၄။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များ (**TJ Mechanisms)** အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားအင်အားစုများအကြား ယုံကြည်မှုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး၊ ပြန်လည် ရင်ကြားစေ့ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အထောက်အကူပြုသည့်အပြင် လူ့အခွင့်အရေးကို လေးစား လိုက်နာ ပြီးဂုဏ်သိက္ခာရှိသောအစိုးရတစ်ရပ်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုလာ မည်ဖြစ်သည်။

၅။ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် (**MNHRC)** ကိုယ်တိုင်ကလည်း ၎င်းတို့၏ ရည်ရွယ်ချက်များအား ယခုလို အတိအကျ ဖော်ပြထားသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာ ကွယ် စောင့်ရှောက်နိုင်ရန်။

(ခ) ကုလသမဂ္ဂက ထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေး စားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် - တို့ဖြစ်သည်။

သို့ဖြစ်ပါ၍ ဒီမိုကရေစီအကူးအပြောင်းကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသည့် နစ်နာ သူပြည်သူများအရေး ထည့်သွင်းစဉ်းစား လုပ်ဆောင်ခြင်းအားဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အလေး အနက်ထား ရှိကြောင်းပြသမှုနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ ရည်ရွယ်ချက်များအား အားဖြည့်ပံ့ပိုး ပေးနိုင်မည်ဖြစ်သည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ (၃၂) တွင် -

နိုင်ငံတော်သည်

(က) မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်း သူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်။

(ခ) မသန်စွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျှောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အ သက်မွေးပညာကို အခလွတ်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည် - ဟု ဖော်ပြထားသည်။

သို့ရာတွင် ပြည်တွင်းစစ်ကာလ လက်နက်ကိုင်ပဋိပက္ခတစ်လျှောက် ထိခိုက်ခံစားခဲ့ကြရ၊ ခံစားနေရသော တိုင်းရင်းသားစုံ ပြည်သူများအတွက် ဥပဒေကြောင်းအရ အခိုင်အမာပြဋ္ဌာန်းချက်မျိုး ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အခြားတည်ဆဲ ဥပဒေ တရပ်ရပ်၌ မတွေ့ရသေးပါ။

သို့ပါသောကြောင့် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ ဥပဒေမျိုးကို ပြဋ္ဌာန်းပေးနိုင်မည်ဆိုပါက အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် ကြီးမားသော အထောက်အပံ့ဖြစ်လာမည်ဖြစ်သည်။

၇။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်၏ အခန်း (၇) လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ခြင်း - ဖော်ပြချက်များတွင် လူ့အခွင့်အရေး ဆိုင်ရာ မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို လေးစားလိုက်နာရန် သဘောတူညီသည်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်၊ အခွင့်အရေးမြှင့်တင်ပေးရန် တို့ကို နိုင်ငံတကာသဘောတူညီမှုများနှင့်အညီ လေးစားလိုက်နာရန် သဘောတူညီသည် ဟုဖော်ပြထားသည်။

ထိုအချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် ပြန်လည်ကုစားပေးလျော်သည့် လုပ်ငန်းစဉ်အား ပြည်သူများရွေးကောက်တင်မြောက်ထားသည့် အစိုးရတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် လုပ်ဆောင်ခြင်းအားဖြင့် အနာဂတ်ကိုရှေးရှုဦးတည်သွားမည့် မူဝါဒများအတွက် ကောင်းမွန်သည့် အထောက်အပံ့ကောင်းဖြစ်စေမည်ဟု ယုံကြည်ပါသည်။

## ပြန်လည်ကုစားပေးလျော်ရေး အလုပ်အဖွဲ့

ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၁) ခု တို့၌ လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် လူတွေ့မေးမြန်းကာ လိုအပ်ချက်ဆန်းစစ်မှုများကိုပြုလုပ်ခဲ့ပြီး အချက်အလက်များ စုဆောင်းခဲ့သည်။ ထိုသို့စုဆောင်းရာတွင် တိကျမှန်ကန်ပြည့်စုံစွာဖြင့် သမာသမတ် ကျသော နည်းနာကို အသုံးပြု၍ တိကျနိုင်သမျှ လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့တွင် တရားမျှတမှုအတွက် လှုံ့ဆော်လှုပ်ရှားနေသော အရပ်ဖက်လူ့အဖွဲ့အစည်း များပါဝင်ပြီး နိုင်ငံတော်မှဦးဆောင်သည့် ပြန်လည်ကုစားပေးလျော်ရေးအစီအစဉ်တစ်ရပ် ဖြစ်မြောက်လာစေရန်အတွက် တိုက်တွန်းနှိုးဆော် လုပ်ဆောင် လျှက်ရှိပါသည်။